# အောင်တိုင်ဖွဲ့ငါးသာခြင်း(သာချင်း)ကဗျာ လေ့လာချက်

ငွေးစိန်*

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် ကိုလိုနီခေတ်က ရခိုင်တိုင်းရင်းသားစာရေးဆရာ တန်းခိုးဆရာထွန်း၏ ငါးဖမ်းလုပ်ငန်းခွင်မြင်ကွင်းနှင့် ပတ်သက်သော သာခြင်း(သာချင်း)ကဗျာကို လေ့လာတင်ပြထားသောစာတမ်း ဖြစ်သည်။ စာပေရှုထောင့်မှတင်ပြရာ၌ သာခြင်းဖွဲ့နေရာ၊ အချိန်၊ ငါးမျိုးစိတ်များနှင့် ငါးလုပ်ငန်းမြင်ကွင်းကိုလည်းကောင်း၊ အရေးအသားပိုင်းအရ စကားအသုံးအနှုန်း၊ သရုပ်ဖော်အဖွဲ့နှင့် စာရေးသူ၏လေသံကိုလည်းကောင်း လေ့လာတင်ပြထားပါသည်။ ဤသို့တင်ပြရခြင်းအားဖြင့် ရခိုင်သာခြင်းကဗျာ၏ စာပေတန်ဖိုးကို ပိုမိုတောက်ပြောင်လာစေရန် ရည်မှန်းပါသည်။

**သော့ချက်ဝေါဟာရများ**။ ။မြင်ကွင်းသရုပ်ဖော်၊ ဗျည်းတူသရတူ၊ ဒေသသုံးစကား၊ မြည်သံစွဲ၊ လေသံ၊

* တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်